Australian Government
Department of Employment and Workplace Relations

တတ်ကျွမ်းမှုစွမ်းရည် စိစစ်အကဲဖြတ်ပေးခြင်း စမ်းသပ်အစီအစဉ်

# အခမဲ့ဖြစ်ပြီး-လျင်မြန်စွာလုပ်ပေးသည့် တတ်ကျွမ်းမှုစွမ်းရည် စိစစ်အကဲဖြတ်ပေးခြင်း

အကယ်၍ သင်သည် ဩစတြေးလျနိုင်ငံတွင် နေထိုင်သည့် ရွှေ့ပြောင်းနေထိုင်သူတစ်ဦးဖြစ်ပါက ရွှေ့ပြောင်းနေထိုင်သူများ အတွက် တတ်ကျွမ်းမှုစွမ်းရည် စိစစ်အကဲဖြတ်ပေးခြင်း စမ်းသပ်အစီအစဉ် စိစစ်ခံခွင့်ရှိနိုင်သည်။

## စိစစ်ပေးခြင်းမှာ ဘာလဲ။

ဩစတြေးလျနိုင်ငံရှိ ရွှေ့ပြောင်းနေထိုင်သူများအတွက် အလွန် အလုပ်ခန့်ထားလိုသော အလုပ်အကိုင်များ (high-demand occupations) ၌ တတ်ကျွမ်းမှုများ၊ အရည်အချင်းများ သို့မဟုတ် အတွေ့အကြုံများနှင့်ပတ်သက်၍ တတ်ကျွမ်းမှုစွမ်းရည်ကို အခမဲ့ လျင်မြန်စွာ စိစစ်အကဲဖြတ်ပေးခြင်း။

## တတ်ကျွမ်းမှုစွမ်းရည် စိစစ်အကဲဖြတ်ပေးခြင်းသည် သင် အလိုရှိသည့် အလုပ်ကို ရှာပေးစေနိုင်သည်

တတ်ကျွမ်းမှုစွမ်းရည် စိစစ်အကဲဖြတ်ပေးခြင်းသည် သင်၏ တတ်ကျွမ်းမှုများ၊ အရည်အချင်းများနှင့် အလုပ်အတွေ့အကြုံကို စိစစ်ပေးသည်။

**အောင်မြင်သော စိစစ်မှုရလဒ်က သင်၏တတ်ကျွမ်းမှုစွမ်းရည်ကို ဩစတြေးလျနိုင်ငံက အသိအမှတ်ပြုသည်ဟုဆိုလိုသည်။**

## အချိန်ကို စောင့်ဆိုင်းမနေပါနှင့် - သင်၏ တတ်ကျွမ်းမှုစွမ်းရည်များကို အလျင်အမြန် စိစစ်ထားပါ

လိုအပ်သည့် စာရွက်စာတမ်းအားလုံးကို တင်ပြပေးပြီးနောက် တတ်ကျွမ်းမှုစွမ်းရည် စိစစ်မှု အဖြေကို ရုံးဖွင့်ရက် ၁၅ ရက်အတွင်း သင် ရရှိပါမည်။

## အောက်ပါတို့ဖြစ်လျှင် သင် စိစစ်မှုအောင်မြင်နိုင်သည်-

- ✓ အကယ်၍ သင့်တွင် သက်ဆိုင်သည့် အလုပ်အကိုင် (eligible occupation) တစ်ခု၌ တတ်ကျွမ်းမှုစွမ်းရည်များ၊ အတွေ့အကြုံ နှင့်/သို့မဟုတ် အရည်အချင်းများရှိလျှင်
- ✓ သင်လုပ်လိုသည့် အလုပ်အကိုင်တွင် တတ်ကျွမ်းမှုစွမ်းရည် စိစစ်မှု မလုပ်ခဲ့ရသေးလျှင်
- ✓ သင်သည် ဩစတြေးလျနိုင်ငံ၌ သက်ဆိုင်ရာ **မိသားစုဗီဇာ၊ ကြင်ဖော်ဖက်ဗီဇာ၊ ဒုက္ခသည်ဗီဇာ သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဗီဇာ** (family, partner, refugee or humanitarian visa) ဖြင့်နေထိုင်လျက်ရှိပြီး သင့် ဗီဇာကို ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ သို့မဟုတ် မတိုင်မီ ခွင့်ပြုခဲ့လျှင် ဖြစ်ပါသည်။

## ဤစမ်းသပ်အစီစဉ်ကို လျှောက်ထားရန်-

သင်၏ တတ်ကျွမ်းမှုစွမ်းရည်များ၊ အရည်အချင်းများ သို့မဟုတ် အတွေ့အကြုံနှင့် အသက်ဆိုင်ဆုံးဖြစ်သည့် အလုပ်အကိုင်အတွက် စိစစ်ရေး အာဏာပိုင် (Assessing Authority for the occupation) ကိုဆက်သွယ်ပါ။

စိစစ်ရေး အာဏာပိုင်များသည် တတ်ကျွမ်းမှုစွမ်းရည်များကို စိစစ်ပေးရန် တာဝန်ရှိကြပြီး အလုပ်အကိုင်အမျိုးမျိုးအတွက် စိစစ်ရေးအာဏာပိုင် အမျိုးမျိုးရှိကြပါသည်။

စိစစ်ရေးအာဏာပိုင်သည် သင် စိစစ်ခံခွင့် ရှိမရှိကို စိစစ်ပေးပါမည်။

## ဤစမ်းသပ်အစီစဉ်မှာ အကန့်အသတ်ရှိခြင်း ကြောင့် အလျင်အမြန်လျှောက်ထားပါ - **ယနေ့ပင် လျှောက်ပါ။**

## ပိုမိုသိရှိရန်-

တတ်ကျွမ်းမှုစွမ်းရည် စိစစ်အကဲဖြတ်ပေးခြင်း စမ်းသပ်အစီအစဉ်များ ဝက်ဘ်ဆိုက်-

**www.dewr.gov.au/skills-assessment-pilots**

တွင်ကြည့်ရှုပါ။

## ပိုမိုသိရှိအောင်လုပ်ပါ။